
### လယ်လေးညှင်း/ ပေါင်းလေးညှင်း

Scientific name - *Ludwigia hyssopifolia* (G. Don) Exell (1957)

Common name – Seedbox/ Narrow-leaved Water Primrose

Family - Onagraceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်ပြီး ရေကြိုက်ပင် သို့မဟုတ် ရေစပ်စပ်ရှိသောအခြေအနေကို ကြိုက်သော အပင်ဖြစ်၍ တုတ်ခိုင်ကြမ်းတမ်းသည်။ ပင်စည်သည် ထောင်မတ်လျက် အကိုင်းအခက်များစွာပါရှိသည်။ ပြောင်ချော၍ တစ်ခါတစ်ရံ အမွေးများပါရှိသည်။ ၂ - ၃ မီတာ အမြင့်ရှိသည်။ အရွက်သည် ရွက်လွှဲထွက်ပြီး လုံသွားပုံ သို့မဟုတ် ဥဖျားသွယ်ပုံ ရှိသည်။ ပန်းပွင့်သည် ထီးတည်းကြားထွက်ပန်းပွင့်ဖြစ်ပြီး အညှာမဲ့သည်။ ပွင့်ချပ်သည် တောက်ပသော အဝါရောင် သို့မဟုတ် အဖြူပျက်ရောင် သို့မဟုတ် လိမ္မော်ရောင်ရှိပြီး ဝိုင်းဝန်းကျယ်ပြန့်သည်။ ပွင့်ချပ် ၄ ခု ပါရှိသည်။ အသီးသည် အစိမ်းရောင် သို့မဟုတ် ခရမ်းရောင်ရှိသည်။ ထုလုံးရှည် သို့မဟုတ် တင်းပုတ်ပုံရှိသည်။ အစေ့သည် ဘဲဥပုံလုံးဝန်းပြီး အညိုရောင်ရှိသည်။ အစေ့အားဖြင့်မျိုးပွား သည်။